# သတင်းကောင်းစာစောင်

## မာတိကာ


| | |
|---|---|
| ၁။ ကျေးဇူးတော်ခံစားရသောနည်းအဖုံဖုံ | ပီတာဖဲလား (တွံတေး) |
| ၂။ နာမတော်အဘို့ အသက်ရှင်စို့ (ကဗျာ) | G .K .Lithos |
| ၃။ မြဲတည်ကျောက်ကျူး | Paul Winbert (G.B.C-1) |
| ၄။အသက်ကျောက်(ဘာသာပြန်ကဗျာ) | ကော်နေလီ(ရန်ကုန်-၁) |
| ၅။ ခိုလှုံသောအသက်တာရှိပါစေ | Daniel (P.O.L) |
| ၆။ကြားဖူးနားဝမဟုတ်ပါ | ဆူးထက်နှင်း(ရန်ကုန်-၁) |

# " ကျေးဇူးတော်ခံစားရသော နည်းအဖုံဖုံ "

ပီတာဖဲလား(တွံတေး)

ဘုရားသခင်၏ကျေးဇူးတော်ကို
ို ခံစားရသောအခါ-

(၁) တကမ္ဘာလုံး၌ရှိ လူသားတိုင်းခံစားရသော ကျေးဇူးတော်

(၂) မိမိစိုက်သည့်အတိုင်း ခံစားရသော ကျေးဇူးတော်

(၃) ဘုရားသားသမီးများအတွက် ခံစားရသော ကျေးဇူးတော်

(၄) ဘုရားအမှုတော်ဆောင်ခြင်း၊ နားထောင်ခြင်းကြောင့်ခံစားရသော ကျေးဇူးတော်

ဟူ၍ ပိုင်းခြားနားလည်နိုင်သည်။

***(၁) တကမ္ဘာလုံး၌ရှိ လူသားတိုင်းခံစားရသောကျေးဇူးတော်***

ဘုရားသခင်သည် သူ၏သားသမီးများကိုသာမက သူ့ကိုယုံကြည် လက်ခံခြင်းမ ရှိသူအဖြစ်၌ ကျင်လည်သောသူများကိုလည်း ကျေးဇူး ပြုသောဘုရားဖြစ်သည်။ ပရောဖက်ယောနလက်ထက်၌လည်း၊ နိနဝေမြို့နှင့်ပတ်သက်၍ ဘုရားသခင်က "ငါသည် များစွာသော တိရစ္ဆာန်တို့ကိုမဆို၊ ကိုယ်လက်ျာနှင့်လက်ဝဲလက်ကိုမျှပိုင်းခြား၍မသိသောသူ တစ်သိန်း နှစ်သောင်းမက လူများသော နိနဝေမြို့ကြီးကို ငါနှမြောသင့်သည်မဟုတ်လော" ဟုမိန့်တော်မူခဲ့၏။ (ယောန၊ ၄း၁၁)

နိနဝေမြို့သားများသည် အစ၌ယုံကြည်သူများမဟုတ်သော်လည်း ဘုရားသခင်ကနှမြောကြောင်း တွေ့ရသည်။ သခင်ယေရှုကလည်း ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့အဘသည် ကောင်းသောသူ၊ မကောင်းသောသူအပေါ်၌ ကိုယ်တော်၏နေကိုထိုးထွက်စေတော်မူ၏။ ဖြောင့်မတ်သောသူ၊ မဖြောင့်မတ်သောသူတို့အပေါ်၌ မိုးကိုရွာစေတော်မူ၏ဟုဆိုထားသည်။ (မ၊၅း၄၅)ထို့ကြောင့် ဘုရားသခင်သည်လူတိုင်း ပေါ်၌ကျေးဇူးပြုကြောင်းကိုသိရှိရသည်။ထို့ကြောင့် တခါတရံ ယုံကြည်သူများအံ့သြကြသည်။ အဘယ်ကြောင့် အပြစ်သားများဒုစရိုက်ကျူးလွန်သူများသည် ကောင်းစားနေရကြသနည်းဟူ၍ အံ့သြတတ်ကြသည်။လူသားများအနေနှင့် လူကောင်းများကိုသာကျေးဇူးပြုတတ်ကြသည်။သို့သော် ဘုရားသခင်၏မေတ္တာတော်သည် လူဆိုးများကိုပင်အကျိုးပြုကြောင်းကိုတွေ့ရသည်။ ထိုကျေးဇူးကိုမိတ်ဆွေလည်း ခံစားနေရသည်။



## (၂)မိမိစိုက်သည့်အတိုင်း ခံစားရသောကျေးဇူးတော်

လူသည် မိမိစိုက်သည့်အတိုင်း ခံစားရကြောင်း အထူးပြောစရာမလိုပေ။ ကျမ်းစာက လူသည် မျိုးစေ့ကြဲသည့်အတိုင်း အသီးအနှံကို ရိတ်ရလိမ့်မည်ဟု ဆိုထားသည်။ (ဂလာ၊ ၆း၇) လယ်၌ စပါးကြဲလျှင်စပါးပြန်ရိတ်ရသည်။ ဂျုံစိုက်လျှင်ဂျုံကိုပြန်ရိတရသည်။ ထိုသို့စိုက်သည့်အတိုင်းရိတ်ရသောအခွင့်ကိုယုံကြည်သူ မယုံကြည်သူမခွဲခြားဘဲလူတိုင်း အားပေးထားသောကြောင့်ဘုရားသခင်၏ကျေးဇူးတော်



ဖြစ်သည်မိတ်ဆွေလည်းထိုကျေးဇူးတော်ကိုခံစားနေရသည်။

## (၃)ဘုရားသခင်သားသမီးများခံစားရသောကျေးဇူးတော်

ကားတိုင်တရားအားဖြင့်အသက်



ရှင်လာသောယုံကြည်သူဘုရားသားသမီးများ အနေဖြင့်မည်သည့် အရာကိုမျှစိုးရိမ်ခြင်း မရှိကြောင်းသမ္မာကျမ်းစာ အားဖြင့်သိရသည်။ သမ္မာကျမ်းစာကထိုသူ၏ပြည့်စုံခြင်းမှလည်း ကျေးဇူးတော်တစ်ပါး၌ထပ်ဆင့်၍ ကျေးဇူးတော်တစ်ပါးကိုငါတို့ရှိမျှသည်ခံရကြပြီဟု ဆိုထားသည်။ (ယော၊၁း၁၆) ဘုရားသခင်ကျေးဇူး တော်ကိုခရစ်တော်အားဖြင့်အထပ်ထပ်ခံစားရရှိ သောကြောင့်စားဝတ်နေရေးအတွက်စိုးရိမ်စရာမရှိချေ။၎င်းကျေးဇူးတော်သည်ထူးခြားသောမှုရှိသည်။ ဘုရားသခင်၏သားသမီးများသာခံစားရသောကျေးဇူးတော်ဖြစ်သောကြောင့်ဘုရားသခင်သားသမီးမဟုတ်သူများမခံစားရချေ။မည်သည့်မိဘမဆိုသူတပါးသားသမီးကိုချစ်ခင်သနားသော်လည်းကိုယ့်သား သမီးကိုသာတာဝန်ယူကျွေးမွေးတတ်သည်။ အိမ်သို့ လာလည်သော

သူတပါးသားသမီးကိုမုန့်ပဲသားရေစာကျွေးတတ်သော်လည်းကိုယ့်သားသမီးလောက်မပေးတတ်ချေ။ကိုယ့်သားသမီးကိုမူအရုပ်ဆိုးသည်ဖြစ်စေ ချောမောသည်ဖြစ်စေ၊ စကားနားထောင်သည်ဖြစ် စေ၊နားမထောင်သည်ဖြစ်စေကျွေးမွေးတတ်သည်။တချို့သားသမီးမှာအလွန်ဆိုးသွမ်းသော်လည်းမိဘက ဆက်လက်ကျွေးမွေးကြသည်။ထိုသို့ကျွေးမွေးခြင်းသည် သားသမီးက လိမ္မာသောကြောင့်မဟုတ်၊ သားသမီးဖြစ်သောကြောင့်သာကျွေးမွေးခြင်းဖြစ်သည်။
(ရှေးဆိုရိုးစကားတစ်ခုရှိခဲ့သည်။
***တောင်းစုတ်ပလုံးစုတ်သာ ပစ်နိုင်၏။ သားဆိုး၊ သမီးဆိုးကိုမပစ်နိုင်။)***
ကျမ်းစာကလည်းထိုကြောင့်

***"အဘယ်သို့စား၊ သောက်ရအံ့နည်း၊ အဘယ်သို့ဝတ်ရအံ့ နည်းဟူ၍မစိုးရိမ်ကြနှင့်၊ထိုအရာများကို သာသနာပလူတို့သည်ရှာဖွေတတ်ကြ၏၊ ထိုအ ရာများကို သင်တို့သည်အသုံးလိုကြောင်းကို ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့ အဘသည် သိတော်မူ၏"***

ဟုဆိုထားသည်။ (မ၊ ၆း၃၁၊၃၂) *တဖန်ယေရှုက သင်တို့သည် အဆိုးဖြစ်လျှက်ပင် ကိုယ့်သားတို့အားကောင်း သောအရာကိုပေးတတ်လျှင်ထိုမျှမကကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည်ဆုတောင်းသောသူတို့အား ကောင်းသော အရာကိုသာ၍ပေးတော်မူမည်မဟုတ် လော"* ဟုဆိုသည်။ (မ၊ ၇း၁၁)

အထက်ပါကျမ်းပိုဒ်များ၌ ယုံကြည်သူများသည် ကောင်းသောကြောင့်မဟုတ်၊ နားထောင်သောကြောင့်လည်းမဟုတ်၊သားသမီးဖြစ်သောကြောင့် ခံစားရသောကောင်းကြီးကိုဖေါ်ပြသည်။ ထိုကျေးဇူးတော်ကို ယုံကြည်သူသားသမီးတိုင်း ခံစားရသည်။ သားသမီးမိုက်များ မိဘစကား



နားမထောင်သော်လည်း မိဘကကျွေးမွေးမည့်အရာကိုစိတ်ချရသကဲ့သို့ ဘုရားသားသမီးများလည်းဘုရားသခင်၏ကျေးဇူးကို စိတ်ချခံစားနိုင်သည်။ထိုကျေးဇူးကို မိတ်ဆွေလည်းယခုပင်ခံစားနေရသည်မဟုတ်လော။



### (၄) ဘုရား၏အမှုတော်ဆောင်ခြင်း၊ နားထောင်ခြင်းကြောင့် ခံစားရသော ကျေးဇူးတော်

ဘုရားသားသမီးဖြစ်ခြင်းကြောင့်သာမကဘုရားစကားနားထောင်ခြင်း၊အမှုတော်ဆောင်ခြင်းကြောင့် ပို၍ကျေးဇူးတော် ခံစားရသည်။မိဘစကားနားထောင်သော သားသမီးသည်သားသမီးဖြစ်ခြင်းကြောင့်သာမက၊ စကားနားထောင်ခြင်းကြောင့် ပို၍ကျေးဇူးခံစားရသည်။ကျမ်းစာက

### “လုပ်ဆောင်သောသူသည် ကျွေးမွေးခြင်းကိုခံထိုက်ပေ၏”

ဟုဆိုထားသည်။(မ၊ ၁၀း၁၀။ လု၊၁၀း၇) ထို့အပြင် အဘယ်သူသည်ကိုယ့်စရိတ်ကိုသုံး၍စစ်မှုထမ်းရ သနည်း။ အဘယ်သူသည် ဥယျာဉ်ကိုစိုက်ပျိုး၍အသီးကိုမစားဘဲ နေရသနည်း။အဘယ် သူသည်သိုးထိန်းလုပ်၍သိုးနို့ကိုမသုံးဘဲနေရသနည်း ဟုဆိုထားသည်။ (၁ကော၊ ၉း၇) ခရစ်တော်ကလုပ်ဆောင်သောသူသည်ကျွေးမွေးခြင်းကို ခံထိုက်ပေ၏ ဟုဆိုရာ၌သားဖြစ်သောကြောင့်မဟုတ်၊ လုပ်ဆောင်သော ကြောင့်ခံစားထိုက်သည်ဟုဆို၏။ ထိုနည်းတူရှင်ပေါလုက လောကီအလုပ်လုပ်ခြင်းနှင့်နှိုင်းယှဉ်၍ စစ်မှုထမ်းများလည်း မိမိစရိတ်နှင့်မဟုတ် စစ်မှုထမ်းစေသူ၏စရိတ်ကိုစားသည်ဟုဆို၏။ဥယျာဉ်စိုက်ပျိုးသူလည်းကိုယ်စိုက် ပျိုးသောအသီးကိုအခပေးစရာမလိုဘဲစားရသည်။

သိုးထိန်းလည်း သိုးနို့ကိုစားရသည်ဟုဆိုသည်။ ထိုအရာများသည် လုပ်ဆောင်ချက်များကြောင့်ခံစားရခြင်းများဖြစ်သည်။ အကယ်၍ မလုပ်ဆောင်လျှင် ခံစားရမည်မဟုတ်၊ ထိုကျေးဇူးတော်ကိုမိတ်ဆွေခံစားလိုလျှင်၊ ကိုယ်တော်ခိုင်းသောအမှုတော်ကိုလုပ်ဆောင် ရပေမည်။ ထိုကြောင့်နိဂုံးအားဖြင့်ဘုရားသားသမီးဖြစ်၍၊ အလိုတော်ဆောင်သောသူများသည်မည်သည့်နည်းနှင့်မျှငတ်ပြတ်စရာအကြောင်း မရှိ။ အကြောင်းမှာ တလောကလုံးခံစားရ သောကျေးဇူး တော်ကို၄င်း၊ ဘုရားသားဖြစ်သောကြောင့်ခံစားရသောကျေးဇူးတော်ကို၄င်း စသည်ဖြင့် ကျေးဇူးတော်တစ်ခု၊ နောက်တစ်ခုကြွယ်ဝပြည့်စုံစွာ ခံစားနေရမည်သာဖြစ်သည်။ ဟာလေလုယ။

စာရှု့သူအယောက်စီတိုင်းအပေါ်ဘုရားရှင်ကောင်းကြီးအသစ်တဖန်ပေးပါစေ။

.............................

# “ နာမတော်အဘို့ အသက်ရှင်စို့ ”

G .K .Lithos



ယေရုရှလင်မြို့ ဖျက်သိမ်းပို့
အင်ပါယာကြီးရောက်ပြီမို့
ဖမ်းဆီး သိမ်းသွား လူအများ
ဒံယေလလဲပါတယ်မျာ
မာလကိုဘုရား၊ ရှေ့မှာထား
ကိုးကွယ်ကြသော၊ လူအကြား
ပညတ်ကိုကိုင်ရှေ့ရင်ဆိုင်
ခြင်္သေ့ကိုလည်း အောင်ခဲ့နိုင်
ငါ...ဘုရားသား
ကြေးကြော်ဟစ်သော၊
ကောင်လေးရေ
အတုယူမိတယ်လေ
စရိုက်ချင်းမတူ



ရှိသော်ငြားလဲ
ဘုရားနာမသိဖို့ရန်
လုပ်ဆောင်ခဲ့သူ၏ဟန်
မာဗုလုန်ဘုရင်ဩချမိ
ပါးစပ်အဟောင်းသားသူ့အကြည့်
မှူးမတ်မိုလ်ပါအပြစ်ရှာ
ဒံယေလလေးသူ့ခင်မျာ
လုပ်ဆောင်နေဆဲ
ဆုတောင်းဆဲမို့
တွေ့ကြုံလာမည့်
အန္တရာယ်
ပြေးလို့ကြည့်ချင်တယ်
ကမျာဖတ်သူ၊ ချစ်မိတ်ဆွေများ
ဒံယေလအား၊ ရှေ့စံထား
ဘုန်းတော်ထင်ရှားစေကာမှ
သခင့်အပြုံး၊ ကြည်သာလှ။
..............................



# “ မြဲတည်ကျောက်ကျူး ”

# Rock of Ages Cleft for me

**Paul Winbert (G.B.C-1)**

***ထာဝရဘုရား၌ အစဉ်အမြဲခိုလှုံကြလော့၊ ထာဝရဘုရားသည် နိစ္စထာဝရခိုလှုံရာ ဖြစ်တော်မူ၏၊ (ဟေရှာ၊ ၂၆:၄)***

**Rev. Augustus Toplady** သည် ဓမ္မသီချင်းများစွာစပ်ဆိုသောအားဖြင့် အောင်မြင်သော အင်္ဂလန်မှအသင်းအုပ်ဆရာကြီး တစ်ဦးဖြစ်ခဲ့သည်။ဤစာစု၏ အထက်ပါခေါင်းစဉ်သည် သူ၏အသာယာဆုံးသီချင်းဖြစ်သော “မြဲတည်ကျောက် ကျွန်ုပ်ဘို့ကွဲ” **Rock of Ages Cleft for me** ကိုခံယူထားလျှက် ဆက်လက်တိုက်တွန်း ဖေါ်ညွှန်းလို၍ဖြစ်သည်။

ဤဆရာကြီးသည် အင်္ဂလန်မှဗိုလ်မှူး **Major Richard TopLady** ၏သားဖြစ်သည်။ သူသည် ၁၇၄၀ ခုနှစ်မှာမွေးဖွားခဲ့ပြီးခရစ်တော်ကိုမသိသောသူဖြစ်သည်။တနေ့မှာသူ၏မုဆိုးမမိခင်နှင့်အတူအဘွားနေထိုင် **Ireland** တိုင်းပြည် **Codymain** ရွာသို့ အသက်(၁၆)နှစ်အရွယ်၌အလည်သွားခဲ့ကြသည်။ ထိုရွာသို့ရောက်ကြသောအခါ တနေ့မှာ စပါးမရှိအားလပ်နေသော စပါးကိုဒေါင်တလုံးထဲ၌ တရားဟောနေသော တရားဟောဆရာတစ်ဦး၏တရားဟောချက်ဖြစ်သည့် ဖိလိပ္ပိ၊ ၂း၁၃-“အကြောင်းမူကား သင်တို့သည်အလိုရှိစေခြင်းငှါ၄င်း၊အကျင့်ကျင့်စေခြင်းငှါ၄င်း၊သင်တို့အထဲ၌စေတနာတော်အားဖြင့်ပြုပြင်တော်မူသောသူကား ဘုရားသခင်ပေတည်း”နှင့်ယှဉ်သောဖွင့်ပြချက် ကိုကြားလိုက်သည့်အခါ ချက်ချင်းအသက်တာပြောင်းလဲသွားသည်။ ထိုသို့အသက်တာပြောင်းလဲရုံသက်သက်သာမကဘဲ အောင်မြင်သောသင်းအုပ်ဆရာကြီးတပါးအဖြစ်ဘုရားရှင်ချီးမြင့်အသုံးပြုခြင်းနှင့်အတူ ဓမ္မသီချင်းများစွာလည်းရေးသားစပ်ဆိုနိုင်ခဲ့သူဖြစ်သည်။

သူစပ်ဆိုခဲ့သော သီချင်းများအနက် ဤသီချင်းသည် သူအနှစ်သက်ဆုံးဖြစ်သည်။ ဘုရားရှင်ကိုခိုလှုံသည့်အခါ ကွယ်ကာမစမှုကိုအထူးခံစားရသောကြောင့်ဖြစ်သည်။ တနေ့မှာ သူသည် **Mendip** တောင်သို့ အလည်သွားခဲ့သည်။ မထင်မှတ်ဘဲ လေပြင်းမုန်တိုင်းနှင့်တွေ့ကြုံခဲ့ရသည်။





ဤသေဘောနှင့်မလွတ်နိုင်ဟုကြောက် လန့်ခြင်းများစွာဖြင့် အိုမင်းအက်ကွဲသောကျောက်ဂူ၊ကျောက်ကွဲကြားထဲ၌ခိုလှုံလျှက်လွတ်မြောက်လာခြင်းသည်ဘုရားရှင်ကို ခိုလှုံလွတ်မြောက်ခြင်းသက်သက်သာဖြစ်သည်ဟု ခံစားရလျှက်ဤဓမ္မတေးကို ရေးသားစပ်ဆိုလိုက်ခြင်းဖြစ်သည်။ ဗြိတိသျှဘုရင်မကြီး Victoria နှင့်ကြင်ယာတော် Albert တို့သည်ဤ သီချင်းကိုအလွန်ကြိုက်နှစ်သက်ပြီးအမြဲသီဆိုကြသည်။ Albert က လောကဥစ္စာများကိုသာအားကိုးနေလျှင်ကျွန်တော်သည် စိတ်ဆင်းရဲစရာအကြီးဆုံးသောသူဖြစ်မည်ဟု လောကအသက်မကုန်ဆုံးမှီနောက်ဆုံးအိပ်ရာ ပေါ်မှာပြောသွား ယင်းလောကကိုစွန့်ခွာခဲ့သည်။

**S.O.S**

၁၈၆၆ ခုနှစ်ဇန်နဝါရီလ၌ Bay of Biscay ပင်လယ်ထဲ၌London အမည်ရှိသောသင်္ဘောမီးလောင်နစ်မြုပ်သွားသောအခါ ဤသင်္ဘောနှင့်လိုက်ပါလာသူများထဲ၌ အလွန်သီချင်းဆိုတတ်သောသူတဦးနှင့် ဇနီးတို့လည်း ပါလာကြ သည်။သူတို့နှစ်ဦးသည် သင်္ဘောမြုပ်ခါစ၌အသက်ကယ်ဘော်ယာ ( Life BUOY ) တစ်ခုစီရရှိထားသော်လည်း မမျှော်လင့်ဘဲ၊ လူတစ်ဦးက သူ့ဇနီးသည်၏အသက်ကယ်ဘော်ယာကိုလုယူသွားသဖြင့် သူမသည် ခင်ပွန်းသည်၏လည်ပင်းကို လှမ်းဖက်တွယ်ကပ်လိုက်ရသည်။ ထိုသို့ဖက်တွယ်ပါသော်လည်း လှိုင်းတံပိုးရိုက်ခတ်မှုကြောင့်အလွန်မောပန်းပြီး ခင်ပွန်းသည်၏လည်ပင်းကို မြဲအောင်ဖက်တွယ်နိုင်



ခြင်းမရှိတော့ဘဲ လက်လွတ်အသေခံတော့မည်ဟုခင်ပွန်းသည်ကိုနှုတ်ဆက်ပြောကြားလိုက်သည့်အခါ၊ ခင်ပွန်းသည်က မြဲမြဲဖက်ထား "မြဲတည်ကျောက်၊ ကျွန်ုပ်ဘို့ကွဲ"သီချင်းကိုအတူတကွဆိုကြစို့ဟုသီဆိုလိုက်ကြသည် ့အခါခွန်အားသစ်များရရှိလာကြသည်။

အခြားသူများ လည်း အားလုံးထိုသီချင်းကို လိုက်ဆိုလာကြသည့်အခါခွန်အားသစ်အသီး သီးရရှိလာကြသဖြင့်ကယ်ဆယ်သူများလာရောက် သည်အထိရေကူးခတ်နိုင်ကြသဖြင့်သေဆုံး သူတဦးမျှမရှိကြောင်းအံ့သြဘွယ်ဖြစ်စေခဲ့သည်။

ဤတွင်ဆာလံဆရာဒါဝိဒ် မင်းကြီးက“*အကျွန်ုပ်အော်ဟစ်သောနေ့တွင် နားထောင်တော်မူ၍ ၊ စိတ်ဝိညာဉ်ထဲသို့ ခွန်အားကိုသွင်းသဖြင့် အကျွန်ုပ်ကိုခိုင်မာစေ တော်မူ၏*” ဟုဆာလံ၊၁၃၈း၃ ၌ဖေါ်ညွှန်းထား ခြင်းသည်ဤ ဆာလံစပ်ဆိုသောဒါဝိဒ်မင်းကြီးကဲ့သို့London သင်္ဘောနစ်မြုပ်ရာ၌ပါသွား သောသူတို့၏အော် ဟစ်ချီးမွမ်းခြင်း၌ဘုရားရှင်နားထောင်တော်မူခြင်း ဖြစ်ကြောင်းနားလည်ခံယူရ၏။





ဤတွင်ဆာလံဆရာကအော်ဟစ်ခြင်း ဟုဆိုရာ၌အောင်ဟစ်ခြင်းနှစ်မျိုးသာရှိကြောင်း သတိပြုရာသည်။ ထိုအော်ဟစ်ခြင်းနှစ်မျိုးမှာ ဆုတောင်းခြင်းနှင့် သီချင်းဆိုဂုဏ်တော်ချီးမွမ်း ခြင်းပင်ဖြစ်သည်။ ယုံကြည်သူတိုင်း ဤအော် ဟစ်ခြင်းနှစ်မျိုးလုံးကိုခုံမင်စွဲလမ်းလျှက်မမှိတ် မသုန်လက်ကိုင်ပြုရန်ဖြစ်ကြောင်းတိုက်တွန်းလိုသည်။ တဖန်ဆာ၊၉၆း၁၌“*ထာဝရဘုရားအားအသစ် သောသီချင်းကို ဆိုကြလော့ ၊မြေကြီး သားအပေါင်းတို့ ထာဝရဘုရားအားသီချင်း ဆိုကြလော့*”ဆာလံဆရာက ထပ်မံ တိုက်တွန်း ထားသဖြင့် အသစ်သောသီချင်းဆိုရန်ဖြစ်လာ ပြန်သည်။ ဤတိုက်တွန်းချက်အရ အသစ်သော သီချင်းဆိုခြင်းသည်အလွန်ကောင်းပေ၏။သို့ သော်ဘုရားသီချင်းဟုထွက်ပေါ်လာသော သီချင်းသစ်တိုင်းဘုရား သီချင်းဟုတ်မဟုတ်

*“အကျွန်ုပ်အော်ဟစ်သောနေ့တွင် နားထောင်တော်မူ၍ ၊ စိတ်ဝိညာဉ်ထဲသို့ ခွန်အားကိုသွင်းသဖြင့် အကျွန်ုပ်ကို ခိုင်မာစေ တော်မူ၏ ”*

တနည်းကားရေးသားစပ်ဆိုသူတို့သည်သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝလျှက်စပ်ဆိုခြင်းဟုတ်မဟုတ်စီစစ်ချီးမွမ်းရန်လိုကြောင်းသတိပေးလိုသည်။

သီဆိုသောသီချင်းသစ်သည် ဘုရား ရှင်ထံအော်ဟစ်သံမှန်လျှင်အော်ဟစ်သောနေ့တွင် ဘုရားရှင်နားထောင်ကြောင်းတုံ့ပြန်မှုကိုအထက်ဖေါ်ပြပါဖြစ်ပျက်မှု၊သက်သေခံချက်များကဲ့သို့ ထင်ရှားစေမည်ဖြစ်ကြောင်းဖေါ်ညွှန်းရေးသားရင်း၊ချီးမွမ်းသီချင်းဆိုသောအားဖြင့် အံ့ဩဘွယ်နိမိတ်လက္ခဏာထင်ရှားသောသူများဖြစ်ကြပါစေ။ ချီးမွမ်းခြင်းနှင့်ဆုတောင်းခြင်းတို့၌ စိတ်အားထက်သန်မှုမြဲကြပါစေဟု ဆုမွန်ကောင်းတောင်းလျှက်ဤစာစုကိုအဆုံးသတ်ပါသည်။

ဘုရားသခင်ကောင်းကြီးပေးပါစေ။

(ရက်စွဲ၊ ၂၁. ၉. ၀၇)။



**Sing unto the Lord,a new Song!!!!!**





# အသက်ကျောက်

အသက်၏ကျောက်ခိုလှုံရာ
ကျွန်ုပ်ကိုယ်အားဝှက်ထားပါ
ရေနှင့်အသွေးကွဲပြားစွာ
နံဘေးတော်မှစီးကျလာ
အပြစ်၏တန်ခိုးမှကယ်ချွတ်ရာ
သခင်ယေရှု၏အသွေးတော်ပါ။



# Rock of ages

Rock of ages,cleft for me.

Let mehide myself in thee:

,let the water and the blood

From the riven side which flowed

be of sin the cure-

cleanse me from its guilt and power.

Augustus Toplady,
eighteenth century

ကော်နေလိ(ရန်ကုန်-၁)

ဘာသာပြန်ကဗျာ

# " ခိုလှုံသောအသက်တာရှိပါစေ"

**Daniel (P.O.L)**

ကျွန်ုပ်တို့အသက်တာမှာ အရေးကြီးဆုံးဖြစ်တဲ့ ထာဝရဘုရားကိုခိုလှုံကိုးစားခြင်း၊ ယုံကြည်ကိုးစားခြင်းအမြဲရှိသင့်ပါသည်။ဘာဖြစ်လို့လဲဆိုတော့ ထာဝရဘုရားသာ အရာရာကိုတတ်စွမ်းနိုင်သောဘုရားဖြစ်သောကြောင့်ပါ။ ကျွန်ုပ်တို့အသက်တာမှာလဲ စာတန်မာရ်နတ်ရဲ့

စုံစမ်းနှောင့်ယှက်မှုကို ကြုံတွေ့ရမှာ အမှန်ပဲဖြစ်ပါတယ်။ဒီစုံစမ်းနှောင့်ယှက်ခြင်း၊ စိတ်ပျက်ဝမ်းနည်းခြင်းများကိုအောင်နိုင်ဖို့ဆိုရင် ဘုရားသခင်တပါးတည်းသာတတ်နိုင်တယ်ဆိုတာ ယုံကြည်သူများကိုဝေငှချင်ပါတယ်။ ဆာ၊ ၄၆း၁ မှာ " ဘုရားသခင်သည်ငါတို့ခိုလှုံ ရာဖြစ်၍ခွန်အားကိုပေးတော်မူ၏၊ ဘေးရောက်သည့် ကာလ၌အထူးသဖြင့် ကူမကြောင်းထင်ရှားလျက်ရှိ၏၊" ဤကျမ်းပိုဒ်တွင် ဘုရားသခင်သည်ကျွန်ုပ်တို့ကိုခွန်အားပေးတယ်။ ဘေးအန္တရာယ်ရောက်နေရင်လည်း ကာကွယ်စောင့်ရှောက်ကြောင်းပြောထားပါတယ်။

ကျွန်ုပ်တို့ကိုခွန်အားပေးတယ်။ ဘေးအန္တရာယ် ရောက်နေရင်လည်း ကာကွယ်စောင့်ရှောက်ကြောင်းပြောထားပါတယ်။





ကျွန်ုပ်တို့ယုံကြည်သူများအသက်တာတွင်လည်းမိမိကိုယ်ကိုပြန်လည်ဆန်းစစ်သင့်ပါတယ်။ "ငါ ထာဝရဘုရားကိုခိုလှုံရဲ့လား၊ ဒါမှမဟုတ် ကိုယ့်အစွမ်းအစနဲ့ကိုယ်ရပ်တည်နေပြီး ထာဝရဘုရားကိုမျက်ကွယ်ပြုမိပြီလားဆိုတာကို သတိထားဆင်ခြင်သင့်ပါတယ်။ တချို့ယုံကြည်သူများဆိုရင် ဘုရားသခင်ရဲ့ကျေးဇူးတော်ကြောင့် သူများထက်သာတဲ့နေရာရောက်ကြတာပဲ၊ ဒါပေမဲ့ ထာဝရဘုရား၌ မရပ်တည်နိုင်ရင် စာတန်မာရ်နတ်က အခွင့်ကောင်းယူသွားနိုင်တယ်။ အဲဒီအချိန်မှာ ကိုယ့်ကိုကိုယ်မာန်မာနတက်ပြီး၊ ထာဝရဘုရားရဲ့လောင်းရိပ်အောက်ကနေထွက်သွားကြတာပဲ၊ ဒီလိုထွက်သွားခဲ့ပြီဆိုရင်

**ခိုလှုံသော အသက်တာ ရှိပါစေ**

**ခိုလှုံသော အသက်တာ ရှိပါစေ**

**ခိုလှုံသော အသက်တာ ရှိပါစေ**

**ခိုလှုံသော အသက်တာ ရှိပါစေ**

**ခိုလှုံသော အသက်တာ ရှိပါစေ**

**ခိုလှုံသော အသက်တာ ရှိပါစေ**



သူ့ရဲ့ခရစ်ယာန်အသက်တာကျဆုံးသွားပြီ။ ထာဝရဘုရားကိုခိုလှုံပါ။ အကြွင်းမဲ့ကိုးစားပါလို့ယုံကြည်သူများကို တိုက်တွန်းလိုပါတယ်။ ဒီလိုခိုလှုံကိုးစားရင် ကောင်းကြီးမင်္ဂလာများလည်း ရရှိလာမှာဖြစ်တယ်။ ထာဝရဘုရားက သူချစ်တဲ့လူသားတွေက သူ့ကိုခိုလှုံကိုးစားတာကိုလိုချင်တယ်။ သူ့ကိုပဲအားကိုးစေချင်တယ်။

ကျွန်ုပ်ရဲ့အသက်တာမှာလည်း စာတန်မာရ်နတ်ရဲ့လှည့်ဖျားမှုမှာ ကျရှုံးခဲ့ဖူးပါတယ်။ လောကသားတွေပြောတဲ့ 'ငွေ'ဆိုတဲ့ ဒုတိယဘုရားကို အားကိုးမိတယ်။ ဒါပေမဲ့ ထာဝရဘုရားက ကျွန်ုပ်အသက်တာကို ပြန်လည်ဆုံးမသွန်သင်တယ်။ " ငါ့သား ငါဟာ တတ်နိုင်သောဘုရားဖြစ်တယ်။ **(Praise the Lord )** ငါ့ကို ခိုလှုံပါ၊ ကိုးစားပါ၊ ငါမင်းရဲ့ အခက်အခဲများကို ကူညီဖြေရှင်းပေးမယ်ဆိုပြီး ဖွင့်ပြခဲ့တယ်။ဒါကြောင့် ကျွန်ုပ်အသက်တာလည်းထာဝရဘုရားကို ပြန်လည်ကိုးစားလာခဲ့ရတယ်။နောက်ပြီး ထာဝရဘုရားက ကျမ်းစာထဲမှာပြောထားပါသေးတယ်။ " ငါဟာ မိဘမဲ့၊ မုဆိုးမတို့ရဲ့ ခိုလှုံကိုးစားရာဖြစ်တယ်



လို့ဆိုပါတယ်။ မိမိဟာ ဘယ်အခြေအနေမျိုးပင်ရောက်နေပါစေ၊ ထာဝရဘုရားကသင့်အသင့်စောင့်နေမှာဖြစ်တယ်၏

" ထာဝရဘုရား ကိုခိုလှုံကိုးစားသော သူသည်မင်္ဂလာရှိ၏" လို့ ကျမ်းစာထဲမှာ ပါပါတယ်။ ထာဝရဘုရားကို ခိုလှုံကိုးစားလို့ မင်္ဂလာရှိရှိသာမကဘုရားသခင်၏ဘုန်းတော် အတွက်ပါထိရောက်နိုင်ပါတယ်။ မိမိတို့ ပတ်ဝန်းကျင်၊ ကျောင်း၊ ရုံး လုပ်ငန်းစသည့် မယုံကြည်သူများရှိ ရာနေရာ တွင်လည်း ကျွန်ုပ်တို့ယုံကြည်သူများသည် ထာဝရဘုရား ကိုအားကိုးခြင်းဖြင့်အောင်မြင်မှုရရှိ ကြောင်းကို ပုံသက်သေပြနိုင်မှာဖြစ်ပါတယ်။ အဆုံးသတ် အနေနဲ့ကျွန်ုပ်တို့ယုံ ကြည် သူများသည် မိမိတို့လုပ်ဆောင်လေသ မျှအရာရာ၌ ထာဝရ ဘုရားကိုပဲခိုလှုံကိုးစားပြီး နိုင်ငံတော်ကျယ် ပြန့်ရန်အတွက် တဖက်တစ် လမ်းက အမှု တော်ကိုဆောင်ရွက်နိုင်သော သူများဖြစ်စေရန် တိုက်တွန်းနှိုးဆော် လိုက်ပါသည်။

( GOD Bless You )





**God is good**

# ' ကြားဖူးနားဝမဟုတ်ပါ'(ဘတိ၊ဖး၊ဥ၊ဘဝ)

✾ မစွမ်းရင်းပေမို့
ကန့်စွန်းခင်းနဲ့ငြိနေ
အဟီလို့မရယ်ချင်ပေမယ့်
သူ့ရဲ့ဆင်ခြေရှေ့ငွေကိုအခြေပြု
မရှိမှုအထွေထွေ
မပြေလည်သည်အရေးကြောင့်
မှားမှုတွေပွေ
တံလျှပ်ကိုရေထင်
ရှေ့သမင်အလိုက်မှားသလိုပ
ဂုဏ်ငွေကိုသူစုံခင်
ပုံပြင်လိုကြုံချင်တာက
ဘီလျှံနာသည်ဘဝကို
မကြာခဏအိမ်မက်တွေမက်နေပေမယ့်
ဆန်ဖိုးပင်မရှိလေတော့
ရေသောက်ကာဗိုက်မှောက်နေရ
Refugee တို့ဘဝ။ ။



✾ ယုံကြည်ရာလမ်းလွဲနေသ၍
မဟုတ်တရုတ်လုပ်ဖို့သူကြံ
ကလိန်ဉာဏ်စံတင်လောက်ကဲ့
မွှေနှောက်ပြောင်းဆန်
ပန်းခေါင်းလှန်ကံတရားပေလို့
ကံကိုဆူးပုံနှင်းသလိုပ
To To နှင့် 4D မှန်မှန်
ထီကိုပင်တွင်တွင်ထိုးရင်း
ကုန်ခဲ့တဲ့ပိုက်ဆံ
ATM ဘဏ်ကဒ်ထဲမှာ
ဘာမျှမကျန်
အရသာမှန်
ယမ်းယမ်းဂျုံခေါက်ဆွဲနဲ့
နှစ်လ ရှည်မိတ်ဆွေဖွဲ့ရ
Overstay တို့ဘဝ။ ။





### ပြန်မယ်လို့ကြံရွယ်

မဟန်ကွယ်ရှေ့ရေး
ငွေချေးကယ်ငယ်
အန်တီကခေါင်းပုံဖြတ်တော့
တစ်ယောက်မှတစ်ဆယ်
ကန့်လန့်ကာရဲ့အကွယ်
ထိတ်စရာလိပ်ပြာရိုတ်တွေနဲ့
မိသဟာဖွဲ့နေရ
ခြုံးပွဲချင့်ချင်ပေမယ့်
ဟန်လုပ်ကာပြုံးပြနေသော
**လိင်ကျွန်တို့ဘဝ။**   ။

### အမှန်တွေပြောရရင်ဖြင့်

အမောပင်ဆို့ချင်
ပျို့အင်စရာအဖြစ်ဆိုးတွေက
မွန်းနစ်လျှက်ပင်
ငွေကိုခင်လူ့ငနွားတို့
ဘွတ်အဲ ! ပင်မအောင်နိုင်ဘု
ပိပြားကာအတိုးတွေအောက်မှာ
ပက်လက်လန်ယက်ကန်ယက်ကန်နဲ့
ခွက်ခွက်လှန်အရင်းတွေပြုတ်ကြ
**Showjob တို့ဘဝ။**   ။

ဆူးထက်နှင်း(ရန်ကုန်-၁)

